

# သံဝေဂ နှင့် အလုပ်ပေးတရားတော်

အရှင်ဇေယျပဏ္ဍိတ

(ပိုင်းလော့ဆရာတော်)

## စာရေးသူ၏ ရည်ရွယ်ချက်

ဆရာတော်၏ သံဝေဂနှင့် အလုပ်ပေးတရားတော်သည် မဖြစ်မနေရင်ဆိုင်ရမည့် သေခြင်းတရားအတွက် ကြိုတင်ပြင်ဆင်ထားနိုင်စေခြင်းငှာ ရည်သန်၍ ရေးသားဖော်ပြရခြင်း ဖြစ်ပါသည်။

ဖတ်ရှုလေ့လာ ကျင့်ကြံပွားများ အားထုတ်ကြပြီးလျှင် တဏှာအစပ် အပြီးဖြတ်နိုင်သော ဉာဏ်အလင်း ထိအောင် ပေါက်မြောက်အောင်နိုင်ကြပါစေရန် တရားတော်များကို စုစည်းတင်ပြအပ်ပါသည်။

**ဝိဇ္ဇာဉာဏ်မြတ် အလင်းဓာတ် လွှမ်းပတ်ကမ္ဘာတည်ပါစေ..**

နန်းနွယ်
(ဆရာတော်၏ အတွင်းနေတပည့်ရင်း)

## သံဝေဂနှင့်အလုပ်ပေးတရားတော်

**"နမောတဿ ဘဂဝတော အရဟာတော သမ္မာသမ္ဗုဒ္ဓဿ။"**

အားလုံး သက်သာသလို ပြောင်းထိုင်နော် ဒီညတိုက်ရိုက် အလုပ်လုပ်ကြရအောင်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူတဲ့....

သုတ္တန်နဲ့ သတိပဌာန်မှာပါတဲ့ အသုဘလူသေ(၉)မျိုး အဆင့်ဆင့်ရှုပွားပုံ၊ ဝိဇယသုတ္တန်မှာပါတဲ့ ရှုမှတ်ပွားများပုံ၊ နောက် အသီးသီး အခြားခြား သုတ္တန်တွေမှာလည်း ဟောတဲ့ရှုပွားပုံတွေနဲ့ ပေါင်းစပ်ပြီးတော့ကာ ဘုန်းဘုန်းတို့သင်ကြရမယ်။ ပွားများကြရအောင်နော်။ ကဲ သက်သာသလို ထိုင်ပြီးတော့ကာ မျက်စိလေးမှိတ်ပြီးတော့ အာရုံယူကြရအောင်။

မိုးကုတ်ဆရာတော်ကြီး ဟောတော်မူတဲ့ သံဝေဂလေးဆိုရအောင်...

**"ငါသည်မုချသေရမည်၊ အချိန်ပိုင်းသာ လိုတော့သည်၊ အသေမဦးခင် ဉာဏ်ဦးအောင် ကြိုးစား အားထုတ်ပါတော့မည်။"**

မျက်စိမှိတ်ပြီးအာရုံပြုကြနော်...

ဘုရားရှင် အမိန့်ရှိတော်မူတာက အခုအချိန်မှာ သေချိန်လို့ စိတ်ကိုချထားရမှာ.... နေရာတိုင်း နေရာတိုင်း ဤကမ္ဘာအတွင်းမှာပင်... မသေဘူးတဲ့နေရာ မရှိပါဘူးတဲ့။

ခြေချတဲ့ နေရာတိုင်း နေရာတိုင်းဟာ... သတ္တဝါမျိုးစုံ၊ ပုံစံမျိုးစုံနဲ့ သေခဲ့တဲ့ သင်္ချိုင်းမြေ နေရာဟောင်းလို့ ပွားရပါတယ်တဲ့။ အခုထိုင်နေတဲ့နေရာသည် ဤကမ္ဘာအတွင်းမှာပင် အကြိမ်များစွာပုံသဏ္ဌာန်မျိုးစုံနဲ့ သေခဲ့ဖူးတဲ့ နေရာဟောင်းပါလို့ ဆင်ခြင်ကြရမယ် ။ ငါ့အိမ် ငါ့ရာ မဟုတ်ဘူးလို့ မယူပါနဲ့...

ခေါင်းချခဲ့ဖူးတဲ့ နောက်ဆုံးသေခဲ့ဖူးတဲ့နေရာဟောင်း....

ဒီနေရာမှာ... အလောင်းချင်းထပ်အောင် သေခဲ့ မြှုပ်ခဲ့ဖူးပြီလို့ ဆင်ခြင်ရမယ်။

ဘဝတစ်ခုမှာ ရှင်ဘုရင်တစ်ပါး နတ်ရွာစံတော့ မိဖုရားဟာ ဥယျာဉ်ထဲမှာ အလောင်းကို ဂူသွင်းပြီးတော့ ငိုတာ ဘယ်သူမှတားမရဘူး၊ နေ့စဉ်လိုလိုငိုပြီးတော့နေတာ..

တစ်နေ့ ဘုရားအလောင်းရသေ့ ဥယျာဉ်ထဲကြွလာတဲ့အခါမှာ သူ့ရဲ့သောကကို ဖျောက်ပေးခဲ့ဖူးတယ်တဲ့။

အသင်မိဖုရား ဘာအတွက် ငိုပါသလဲ....?

"တပည့်တော်ရဲ့ခင်ပွန်းသည် ဘုရင်မင်း အတွက် ငိုပါသည်ဘုရား" လို့ဖြေတယ်။

"သင့်ရဲ့ခင်ပွန်းသည် ဘယ်ခင်ပွန်းသည်အတွက် ငိုတာတုန်း" လို့ထပ်မေးတော့...

မိဖုရားဖြေရခက်နေတယ်။

ဒီတော့မှ ဘုရားလောင်း ရသေ့ကြီးကထပ်ပြောတယ်....

**"ဒီနေရာဟာ သင့်ခင်ပွန်းသည်ပေါင်းများစွာ မြှုပ်ခဲ့ဖူးတဲ့ နေရာတဲ့"**

အဲ့ဒီအတွက် ဘယ်ခင်ပွန်းသည်အတွက် ငိုတာလဲ..?" လို့ မေးတဲ့အခါမှာ...

မိဖုရား စဉ်းစားရခက်နေတယ်။ ဖြေရခက်နေတယ် ။

အဲဒီတော့မှရှင်းပြတယ်....

ဤကမ္ဘာအတွင်းမှာပင် ကိုယ့်ရဲ့ခင်ပွန်းသည် ယောက်ျားတွေဟာ တော်ခဲ့ရပေါင်းများပြီ သေခဲ့ပေါင်းလည်းများပြီတဲ့၊ ဒီတစ်နေရာတည်းမှာပဲ မြှုပ်ခဲ့ပေါင်းလည်းများပါပြီတဲ့၊ အကြိမ်ကြိမ်ငိုခဲ့ရတဲ့ မျက်ရည်ဟာလည်းပဲ မနည်းတော့ပါဘူးလို့ ဆုံးမတော်မူတယ်။

ဒါကြောင့် ဒီကျမ်းတွေကို ကိုးကားလျက် ကိုယ် ထိုင်တဲ့နေရာလေးသည်ပင် အကြိမ်များစွာ၊ အလောင်းချင်း ထပ်အောင် မြှုပ်ခဲ့ဖူးတဲ့ နေရာပေါင်းလို့ ဆင်ခြင်ကြပါ။

ဤကိုယ်ကြီးသည် "ပညတ်" အားဖြင့် "ငါ" လို့ခေါ်ဝေါ်သမုတ်တဲ့ ကိုယ်လုံး၊ တကယ့်အနှစ်သာရ အမာခံကိုရှာကြည့်မယ်ဆိုရင်...

အရိုးစုတွေပဲ ရှိပါတယ်။ ခေါင်းမှာဆိုရင် "ခေါင်းခွံရိုးကြီးပဲရှိပါတယ်"။ နောက်လည်ပင်းရိုးနဲ့ ထောက်ကန်ထားတယ်။ နောက် ညှပ်ရိုး၊ ပခုံးရိုးတွေ ဆက်သွယ်ထားတယ်။ ညာဘက်မှာက လက်မောင်းရိုးတစ်ချောင်း၊ တတောင်ဆစ်ကနေ လက်ဖျံရိုးနှစ်ချောင်း၊ လက်ဖဝါးမှာလည်း အရိုး၊ အဆစ် ဆက်စပ်ထားတာ။

ဘယ်ဖက်မှာလည်းပဲ လက်မောင်းရိုးက တစ်ချောင်း၊ တတောင်ဆစ်ကနေ လက်ဖျံရိုး နှစ်ချောင်း၊ နောက် လက်ဆစ်ရိုးလေးတွေ အတိုအထွာ အပိုင်းအစလေးတွေ ဆက်စပ်ထားတာ၊ ခေါင်း၊ ခါး ၊ ခြေ၊ လက်၊ နောက် လည်ဂုတ်နားကနေ ဆက်ပြီးတော့ကာ အရိုးအဆစ်တွေ ဆင့်ဆင့်ပြီးတော့ စီသွားလိုက်တာ ဟိုးအောက် မြီးဆုံအထိ ဆက်ထားပါတယ်။

ဘေးမှာနံရိုးတွေထောက်ကန် ရှေ့ကရင်ညွန့်ကြီးနဲ့ဆက်၊ ရှေ့မှာ ဝမ်းခေါင်းကြီး ဖြစ်သွားပါတယ်။ ပြီးရင် ဝမ်းဗိုက်နေရာကျတော့ ဟောင်းလောင်းကြီးပါပဲ၊ အောက်ဘက်မှာတင်ပါးဆုံရိုး ခံစားကြည့်... သိပါတယ်။ လေးလံတဲ့အရိုးကြီးက အထဲမှာရှိတော့ အောက်မှာလည်း ကြမ်းပြင်ကအမာ ဒီကြားထဲမှာရှိတဲ့ အသားတွေက ဘယ်ခံနိုင်မှာလဲ၊ ကြာကြာဖိထားရင် သွေးလေတွေပိတ်လို့ ထုံတာကျင်တာ ဖြစ်လာတာပေါ့။

နာလည်းနာတတ်တဲ့ ခန္ဓာကိုယ်လို့ နားလည်ထားရမှာ၊ တင်ပါးဆုံရိုးရဲ့ တစ်ဖက်တစ်ချက်စီမှာ ပေါင်ရိုး တစ်ချောင်းစီ ဆက်သွယ်ထားတာ ညာဘက်ပေါင်ရိုးတစ်ချောင်း၊ နောက်ပြီးတော့ ဒူးခေါင်းရိုး၊ ခြေသလုံးရိုးက နှစ်ချောင်း၊ နောက် ဖနောင့်ရိုးတွေ၊ ခြေဖဝါးတွေက အပိုင်းပိုင်းအပြတ်ပြတ် အဆစ်ကလေးတွေဆက်ထားတာ၊ နောက် ဘယ်ဘက်မှာလည်း ပေါင်ရိုးတစ်ချောင်း၊ နောက် ဒူးခေါင်းရိုး၊ ခြေသလုံးရိုးက နှစ်ချောင်း၊ ဖနောင့်ရိုးကလေးတွေ၊ ခြေဖဝါးရိုးလေးတွေကလည်း အပိုင်းအပြတ်ကလေးတွေ ဆက်ကာထားတာဖြစ်ပါတယ်။ ဤကိုယ်ကြီးသည် အရိုးစုများနဲ့ စိုက်ထောင်ထားတဲ့ ခန္ဓာအိမ်ဖြစ်ပါတယ်။

ဤခန္ဓာအိမ်ပေါ်မှာမှ အင်္ဂတေကျံသကဲ့သို့ အသားများ တွယ်ကပ်ပြီးတော့နေတာ၊ လိမ်းကျံထားသကဲ့သို့ပဲတဲ့ ပြီးတော့အကြောတွေဖွဲ့လို့ ချည်ပတ်ထားတာ ပြီးတော့ အရေထူ၊ အရေပါး ဖုံးထားတာကြောင့် အထဲမှာရှိတဲ့ သဘောအမှန်ကို **"မျက်စိနဲ့ မမြင်ကြရတာ"** ဖြစ်ပါတယ်တဲ့။

ခေါင်းခွံရိုးထဲမှာက ညှီစို့စို့အနံ့နဲ့ ဦးနှောက်တွေ ရှိနေပါတယ်။ နောက်ပြီးတော့ ဝမ်းထဲမှာကတော့ ပါးစပ်ကနေ စအိုဝတိုင်အောင် ဒါကတော့ ဘုန်းကြီးတို့ စကားကျစ်လိုက်တာပါပဲ။ အူသိမ်၊ အူမ၊ အသည်း၊ အဖျင်း စသဖြင့် အမဲအူတွေလို ဆိတ်ကလီစာအူတွဲတွေလို ကြက်အူတွဲတွေလိုပါပဲ ရှိနေပါတယ်။ အရိအရွဲတွေပြည့်လို့ ရွံစရာဖြစ်နေပါတယ်။

ဝမ်းထဲမှာ ရှိနေကြပါတယ်။ ပါးစပ်ကနေ ဝါးမြိုလိုက်တဲ့ အစာသစ်များသည် အချွဲ၊ အာစည်းတွေနဲ့ ရောထွေးလို့ ခွေးအန်ဖတ်အလား ဖြစ်သွားပါတယ်။ ဒါကို တံတွေး၊ သလိပ်တွေနဲ့ ရောထွေးပေါင်းစပ်ပြီးတော့ မျိုချလိုက်ကြတာ အစာအိမ်ထဲမှာ အစာသစ်တွေက ခွေးအန်ဖတ်ဖြစ်နေပါပြီ။ အပေါ်ကနေ အချိုရည်တွေ လက်ဖက်ရည်တွေ၊ ရေ၊ ရေနွေးကြမ်း စသဖြင့် ဒါတွေကို လောင်းထည့်ပြီးတော့ကာ မွှေနှောက်တော့ကာ တကယ်ကို ရွံစရာကောင်းတဲ့ ခွေးအန်ဖတ်နဲ့တူပါတယ်။ အရောင်မျိုးစုံ ပုံသဏ္ဌာန် မျိုးစုံနဲ့ ရွံစရာကောင်းအောင် ရှိနေပါတယ်။

အူနံရံမှာ လှုပ်ရှားရိုက်ခတ် တွန်းပို့တာကြောင့် အောက်ဖက်အူမ အူသိမ်ထဲ ဆင်းသွားပါတယ်။ အူနံရံ အစာအိမ်နံရံတွေကလည်း ရေငွေ့တွေကို စုပ်စုပ်ပြီးတော့ကာ လိုအပ်သည်များကို ထုတ်နှုတ်ပြီးတော့ လိုအပ်တဲ့နေရာကို ပို့နေတာဖြစ်ပါတယ်။ နောက်တဖြည်းဖြည်းနဲ့ ခြောက်သွေ့ ခြောက်သွေ့ ပြီးတော့ ကျစ်ကျစ်လာတာ အောက်ပိုင်းကျတော့ အစာဟောင်းဆိုတာ (မစင်) ကျင်ကြီး ဖြစ်သွားတာပါပဲ၊ အပုတ်နံ့လှိုင်နေပါတယ်... လို့ မှတ်ကြပါ။ အရည်များကတော့ ကျင်ငယ်အိမ်မှာ သွားစုပြီးတော့ ရွံစရာအနေနဲ့ ကျင်ငယ်ဖြစ်နေပါပြီ။ ဤဝမ်းထဲမှာ ကျင်ငယ်တွေ၊ ကျင်ကြီးတွေသည် ရှိနေပါတယ်တဲ့။

ဝမ်းပိုက်ထဲကို ရောက်နေတဲ့ အစာသစ်ကတော့ ခွေးအန်ဖက်လို ဖြစ်ပြီး၊ အစာဟောင်းကတော့ ကျင်ကြီးအသွင်၊ ကျင်ငယ်အသွင်နဲ့ ရှိနေတဲ့အတွက် ကျင်ကြီး ကျင်ငယ်အသွင်နဲ့ ရှိနေတဲ့အတွက် ကျင်ကြီး ကျင်ငယ်ပြည့်နေတဲ့ မစင်ထည့်ထားသော အိုးနဲ့လည်း တူပါတယ်။

တနည်းအားဖြင့် မြွေသေကောင်ပုပ်ကြီးကို ထည့်ထားတဲ့အိုးနဲ့လည်း တူပါတယ်တဲ့။ ခွေးသေကောင် ထည့်ထားတဲ့အိုးနဲ့လည်း တူပါတယ်လို့ပပါတယ်။ ရွံစရာအတိပါပဲတဲ့။ အပုပ်နံ့များသည် ဒီအတိုင်းမနေပါဘူးတဲ့။ ထက်ဝန်းကျင်ကိုစိမ့်ပျံ့ပြီးတော့ထွက်နေပါတယ်။

မျက်လုံးအိမ်ကနေစိမ့်ပျံ့တဲ့အခါ မျက်ချေးအသွင် စိမ့်ထွက်နေပါတယ်။ တစိမ့်စိမ့်နဲ့ တစိုစို ထွက်နေပါတယ်။ နားကနေ စိမ့်ထွက်တဲ့အခါကျတော့ နဖာချေးအသွင် စိမ့်ထွက်ပါတယ်။ ပါးစပ်ကလည်း သွားချေးရည်တွေ စိမ့်ထွက်ပါတယ်။ တစ်ခါတစ်ရံ လမ်းကြောင်းပြောင်းလို့ နှာခေါင်းကနေထွက်မဲ့ နပ်ကလည်း ပါးစပ်ကနေ သလိပ်အသွင်ထွက်တဲ့အခါ ထွက်ပါသေးတယ်။

ကျန်တဲ့ မွှေးညှင်းပေါက်တွေကလည်းပဲ ချွေးနဲ့အတူ အပုပ်အခိုးတွေဟာ တစိမ့်စိမ့်နဲ့တရှိန်းရှိန်းနဲ့ ထွက်နေပါတယ်။ တရှိန်းရှိန်းနဲ့ ခံစားကြည့်ကြပါ။ အခိုး၊ အငွေ့ ကောင်းတယ်။ ကောင်းတယ်ဆိုတာက အပုပ်အခိုး အပုပ်အငွေ့ တွေပါပဲလို့ ဆင်ခြင်ကြပါ။ ကျန်တဲ့ ဒွါရကြီးတွေကလည်းပဲ ကျင်ကြီး၊ ကျင်ငယ်၊ အပုပ်ခဲ၊ အပုပ်ရည်အဖြစ်နဲ့ နေ့စဉ်လို ယိုစီးထွက်နေပါတယ်တဲ့။

ဤကိုယ်ကြီးသည် နာလည်း နာတတ်ပါတယ်။ ဒါကြောင့် ကိုးပေါက်သော အနာဝရှိသော ပြည်တည်နေတဲ့ အိုင်းအနာကြီးနဲ့ တူပါတယ်လို့လည်း ဘုရားရှင် မိန့်တော်မူပါတယ်။

ဤကိုယ်ကြီးကို **"အမြင်မရှိတဲ့ အမှန်အတိုင်းလည်း မမြင်ကြတဲ့ အမှောင်ဓာတ်၊ အမိုက်ဓာတ် စိတ်မှာ ဖုံးကွယ်ထားကြတဲ့ ပုဂ္ဂိုလ်တွေကတော့ တင့်တယ်လှပတယ်လို့ ထင်ကြတယ်၊ တစ်ငါငါနဲ့ မာနတက်နေကြတယ်။"**

ဤကိုယ်ကြီးကို အမှန်အတိုင်း မမြင်တာကြောင့် ငါက ဘာရာထူး ၊ ငါက ဘာမျိုး၊ ငါ လှတယ်၊ ငါ အားရှိတယ် စသဖြင့်မာနတွေတက်ပြီးနေကြတာတဲ့၊

**"ဤမာနတရားများဟာ မဂ်ဉာဏ် ၊ ဖိုလ်ဉာဏ်နဲ့ ဝေးသထက်ဝေးပြီး အပါယ်လေးပါးသွားမဲ့ မာနလို့ မှတ်ကြပါ။"**

အခြားအခြား ကျမ်းများနဲ့ ပြန်ပေါင်းရင်တော့ ဘယ်လောက်ပဲတန်ဖိုးကြီးမားတဲ့ အိမ်ကြီးတွေနဲ့ ဒီကိုယ်ကြီးကိုထားထား၊ ကုတင်၊ ခြင်ထောင်၊ မွေ့ယာတွေ သိန်းပေါင်းများစွာတန်တာနဲ့ထားလည်းပဲ တစိမ့်စိမ့်နဲ့ မတင့်မတယ်ရွံဖွယ်ရာကိုပဲ စိမ့်ထွက်နေပါလိမ့်မယ်။ တန်ဖိုးကြီးမားတဲ့ သိန်းပေါင်းများစွာတန်တဲ့ ရတနာတွေကို လည်ပင်းမှာ ဆွဲ၊ နားမှာဖောက်စွပ်ပေးပေး၊ လက်မှာလည်းစွပ်ကြ၊ ခြေထောက်မှာလည်း စွပ်ကြနဲ့ ဘယ်လိုပဲ တန်ဆာဆင်ပေးစေတော့....

**"ဤကိုယ်ကြီးကတော့ ရွှေပြန်မထွက်ပါဘူး၊ မတင့်မတယ် ရွံ့ရှာဖွယ်တွေပဲ စိမ့်ထွက်နေပါလိမ့်မယ်။"**

သိန်းပေါင်းများစွာတန်တဲ့ ကားတွေနဲ့ထားလည်း ကားပေါ်မှာ ချွေးတွေပျံလို့ တစိမ့်စိမ့်နဲ့ မတင့်မတယ် ရွံဖွယ်ရာကိုပဲ စိမ့်ထွက်ပါလိမ့်မယ်။

အဝတ်အထည်တွေ ဘယ်လောက်တန်ဖိုးကြီးတာတွေ ဝတ်ထားထား အနာတုံးကြီးကို ပါတ်တီး ပတ်ထားသလိုပဲနော်...။ တစိမ့်စိမ့်ထွက်နေတဲ့ အပုပ်အစိုးတွေကြောင့် အဝတ်အထည်သာလျင် ညစ်နွမ်းခြင်းရောက်ရတယ်။ စင်စစ်ကတော့ အဝတ်အထည်ထက်ပို၍ ညစ်နွမ်းတဲ့ ရွံစရာကောင်းသော **"မတင့်မတယ် ရွံ့စရာဖြစ်သောခန္ဓာအိမ်"**လို့မှတ်ကြပါ။

တန်ဖိုးကြီးတဲ့ရေမွှေး ပေါင်ဒါနံ့တွေ ဘယ်လောက်ပဲလိမ်းချယ် လိမ်းချယ်၊ မွှေးညှင်းပေါက်ကနေ စိမ့်ထွက်ကျတဲ့ ချွေးနဲ့အတူ အပုပ်အစိုးတွေရဲ့ အရှိန်အဟုန်ကြောင့် တကိုယ်လုံး အမွှေးနံ့သာတွေက ပျက်ပြယ်ကြရတာ၊ တကယ်တော့ မတင့်မတယ် ရွံဖွယ်ရာသာ စိမ့်ထွက်တဲ့ ခန္ဓာအိမ်ပါပဲလို့ မှတ်ကြပါ။

အင်မတန် ညီမည်းပြီးတောကော၊ ပိတုန်းရောင်တောက်တဲ့ ဆံပင်တွေဟာလည်း တစ်စ တစ်စ ရင့်ရော် အိုမင်းလာတဲ့ အခါကျတော့ **"ဖြူဖွေး"** လို့ ကြည့်မကောင်းတော့ပါဘူး။

အမ္ဗပါလီ ရဟန္တာမကြီး ဥဒါန်းထဲမှာ ပါပါတယ်။ ပြောင်းပင် ပြောင်းဖူးက ဖြူဖွေးတဲ့အမွှေးများလိုပဲတဲ့။ ဟိုတုန်းက အင်မတန်လှပပြီး မည်းပြောင်နေတဲ့ ဆံပင်ဟာလည်း အခုတော့ဖြူဖွေးကုန်ပြီတဲ့၊ မလှတော့ဘူး၊ တောက်ပပြီး လှပတယ်ဆိုတဲ့ မျက်လုံးကလည်း အခုတော့ မျက်ချေး တပေပေနဲ့ မျက်ခွံက အိကျလို့ ရွံစရာကောင်းနေပြီတဲ့၊ တင်းဖောင်းပြီးလှပတဲ့ ပါးပြင်တွေကလည်း အိတွဲလို့ ကြည့်မကောင်းတော့ဘူး။ ဖြူဖွေး စီတန်းပြီး လှပတဲ့သွားတွေကလည်းပဲ... ခယိုခယိုင်နဲ့ကြည့်လို့ မကောင်းတော့ပါဘူး။

ရုပ်ပျက်ကုန်ပါပြီတဲ့။ လက်မောင်းကလေးတွေ ပေါင်တံကလေးတွေကလည်းပဲ ဆင်နှာမောင်းလို သွယ်ပြောင်းတယ်လို့ ဆိုသော်လည်းပဲ၊ အခုအချိန်မှာတော့ ခြောက်သွေ့တဲ့ကြံချောင်းကြီး အဆစ်များနဲ့တကွ ကြံချောင်းလို ဖြစ်သွားပြီ မလှတော့ပါဘူး။

တင့်တယ်လှပတယ်ဆိုတဲ့ ရင်သားနစ်မွှာကလည်းပဲ သုံးမရလို့ပစ်ထားတဲ့ ရေစစ်ပမာလိုရှုံ့တွလို့ ကြည့်မကောင်းတော့ပါဘူး။ ခါးတွေကလည်းကိုင်းလို့ ယိမ်းယိုင်လို့ မလှတော့ပါဘူး၊ ကြည့်မကောင်းတော့ပါဘူး။

အိုမင်းခြင်းရဲ့ဒုက္ခ… တဖြည်းဖြည်းနဲ့ နာရလိမ့်ဦးမယ်၊ ရောဂါဘယတွေကြောင့်လည်းပဲ ငြီးတွားနေရဦးမယ်၊ အိပ်လို့လည်းမရ စားလို့လည်းမကောင်းနဲ့ နောက်ဆုံးတော့….

ရောဂါဘယတွေနဲ့ ကိုယ့်ကျင်ငယ်၊ ကိုယ့်ကျင်ကြီး ကိုယ်မနိုင်လို့ သူများထူမှ ထရတဲ့ဘဝ ဖြစ်ရလိမ့်ဦးမယ်၊ စုတေမနေ သေခါနီးအခါမှာကျတော့ အသက်ကိုဆောင်လောက်အောင် ဓာတ်လေးပါး ဖောက်ပြန်လို့ နာကျင်ပြီးတော့မှ နောက်ဆုံးသေရမှာ။

သေပြီးလို့ တစ်ရက်၊ နှစ်ရက်၊ သုံးရက် ဆိုရင်ပဲ ဝါဝင်းတောင့်တင်းရာကနေပြီးတော့ လေထိုး ထားတဲ့သားရေအိတ်ကြီး ပမာလိုတဲ့ ညိုဖောင်းလာပြီးတော့ အက်ကွဲကုန်ပြီတဲ့။ သွေးတွေ ပြည်တွေ ဖြစ်လာပြီ၊ ပိုးလောက်တွေ စားကုန်ကြပြီ၊ လှပပါတယ်လို့ထင်ခဲ့တဲ့ ပါးပြင်တွေမှာလည်းပဲ အက်ကွဲလို့ သွေးတွေ၊ သွေးပုပ်တွေ၊ ပြည်တွေနဲ့ ရွံစရာအတိဖြစ်ပြီး၊ မျက်လုံးများလည်း ပြူးအန်ထွက်လို့ မလှတော့ပါဘူး။ ပါးစပ်ဟောင်းလောင်းနဲ့ တကိုယ်လုံး ပိုးလောက်တွေလည်း စားကုန်ကြပါပြီ။ လက်မောင်း လက်ဖျံတွေလည်း အက်ကွဲလို့ သွေးတွေ ပြည်တွေနဲ့ ဒွါရပေါက်တွေကလည်း တစိုစိုနဲ့ ပိုးလောက်တွေစားလို့ ရွံစရာဖြစ်နေပါပြီ။

တစတစနဲ့ အရည်ပြားတွေ ပြတ်ကျကုန်ခမ်းသွားမယ်။ နောက်ပြီးတော့အသားတွေ ကုန်ခန်းသွားမယ်။ အကြောတွေပါ ပြတ်တောက် ကုန်ခမ်းပြီးတော့ကာ ညှီစို့စို့အရိုးပဲ ကျန်ပါလိမ့်မယ်။ အရိုးများကလည်း တစတစနဲ့ဆွေးမြေ့ပြီးတော့ကာ အဆစ်တွေပြုတ်လို့ ခေါင်းကတခြား၊ လည်ပင်းရိုးကတခြား၊ လက်မောင်းရိုး၊ လက်ဖျံရိုး တွေ တခြားစီပဲ ပြန့်ကျဲပြီးတော့ နေပါလိမ့်မယ်။ ခါးဆစ်ရိုးလည်း တခြားစီဖြစ်သွားပြီ တင်ပါးဆုံရိုးလည်း တခြားစီ၊ ပေါင်ရိုး၊ ဒူးခေါင်းရိုး၊ ခြေဖဝါး အားလုံးဟာ အဆစ်တွေပြုတ်ပြီးတော့ကာ ပြန့်ကျဲ၍နေပါလိမ့်မယ်တဲ့…..။

"ဤကဲ့သို့ ဖြစ်ရလိမ့်ဦးမယ်လို့ ဆင်ခြင်ပါ လို့ ဘုရားရှင် မိန့်တော်မူပါတယ်။"

နောက် ခရုသင်းပွတ်စကဲ့သို့ ဖြူဖွေးပြီးတော့ကာ ဆွေးမြေ့တဲ့အရိုး ဖြစ်ဦးမယ်တဲ့၊ ဤအတိုင်းပဲ ဖြစ်လိမ့်ဦးမယ်လို့ ဆင်ခြင်ပါတဲ့။

နာက်ပြီးတော့ မြေကြီးထဲတစ်ပိုင်း၊ မြေပေါ်တစ်ပိုင်း၊ ဆွေးမြေ့ပြီးတော့ကာ နောက်ဆုံးတော့..

**"မြေကြီးသြဇာအဖြစ်နဲ့ပဲ လမ်းဆုံးရပါလိမ့်မယ်။"**

ဤကိုယ်ကြီးရဲ့ သွားရာလမ်းသည် ဤအတိုင်းပဲရှိပါတယ် လို့ဆင်ခြင်ကြပါ။ ဤကဲ့သို့ သေခဲ့ပေါင်း သံသရာမှာ အကြိမ်များစွာရှိခဲ့ပါပြီ။ သတ္တဝါမျိုးစုံ၊ ခန္ဓာအိမ်မျိုးစုံနဲ့ မြေသြဇာ ဖြစ်ခဲ့ပေါင်းလည်း များလှပါပြီ။ အကြိမ်ကြိမ် ပင်ပန်းခဲ့လှပါပြီ။

သေခါနီးကာလမှာလည်းပဲ မခွဲချင်ပဲခွဲရ၊ မခွာချင်ပဲခွာရတော့ ဤကိုယ်ကြီးကိုလည်း တွယ်တာတာ ဖြစ်သောကြောင့် မခံစားချင်ပဲ ခံစားရတော့ **"အကုသိုလ်ဇော"**ပဲ လာပါတယ်။

ဒါကြောင့် မြေမှာကျတဲ့ မျက်ရည်တွေလည်းပဲ မနည်းတော့ပါဘူးတဲ့ ပင်ပန်းလှပါပြီ။ သံသရာအရှည်ကြီးမှာ အကြိမ်များစွာ သေဘေးဟာ ကြုံခဲ့ရပြီ ပင်ပန်းလှပါပြီ တွေးကြပါ ဆင်ခြင်ကြပါ။

"သေကာလမှာလည်း တဏှာအစပ် မဖြတ်နိုင်ခဲ့တာကြောင့် ဥပါဒါန်၊ ကမ္မဘဝ ဆိုတာရှိခဲ့တာပဲ" ကုသိုလ်ဇောအရှိန်၊ အကုသိုလ်ဇောအရှိန်နဲ့ သေကြတာမို့ တခါတရံ ကုသိုလ်ဇောအရှိန်က ထောက်ပံ့လိုက်လို့ အထက်ဆန်ပြီးတော့ကာ ဖွားသေ၊ သေခဲ့ရတယ်။ ပြဟ္မာဖြစ်လည်း သေလိုက်၊ နတ်ဖြစ်လည်း သေလိုက်၊ အကြိမ်ကြိမ်ဖြစ်ရာ ဘဝတိုင်းမှာလည်း ဒီလိုပဲ အာရုံတွေကျက်စားရင်း၊ တစ်ငါငါနဲ့ငြိတွယ်ပြီး သေတဲ့အခါမှာလည်း ပူလောင်လို့ ပင်ပန်းခဲ့လှပြီ။ နတ်ဖြစ်လည်း နတ်စည်းစိမ် နတ်ချမ်းသာနဲ့ အပေါ်တော့ ဟုတ်မှတ်ပြီးတော့ကာ ပင်ပန်းခဲ့လှပြီ ပြီးတော့ စွန့်ခဲ့ရပြန်တာပဲ။

စကြာမင်းဖြစ်လည်း ဒီလိုပါပဲ၊ မင်းအို၊ မင်းနာ၊ မင်းသေဘဝနဲ့ နောက်ဆုံးမှာ စွန့်ခဲ့ရတာပါပဲ။ စကြာမင်းရဲ့ မိဖုရား တွေလည်းဖြစ်ခဲ့ဖူးတယ်။ နောက်ဆုံးတော့ အို၊ နာ၊ သေ နဲ့ပဲ အဆုံးသတ်ခဲ့ရတယ်။

ပင်ပန်းလှပါပြီ ဧကရာဇ်မင်း၊ ပဒေသရာဇ်မင်း စတဲ့ မင်းတွေ မင်းရဲ့မိဖုရားတွေလည်း ဖြစ်ခဲ့ပေါင်းများလှပါပြီ။ သေခဲ့ပေါင်းလည်းများလှပေ့ါလို့ ဆင်ခြင်ကြပါ။ ကြိမ်ဖန်များစွာ ဖွားလိုက် သေလိုက်နဲ့ လာခဲ့ကြရတာ ပင်ပန်းလှပါပြီ။

သူဌေးဘဝ သူကြွယ်ဘဝ အကြိမ်ကြိမ် ဖြစ်ခဲ့ပါပြီ၊ လယ်သမားဘဝ ကုန်သည်ဘဝ ဖြစ်ခဲ့ပြီးပြီ၊ သူတောင်းစား ဘဝ ဖြစ်ခဲ့ပြီးပြီ ။ အနူအရွဲ့ အကျိုးအကန်း ဘဝမျိုးစုံဖြစ်ခဲ့ပြီးပြီ။ ဆင်းရဲမျိုးစုံ ကြုံခဲ့ရပြီးပြီ။ နောက်ဆုံး ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘဝတွေလည်းပဲ မရေတွက်နိုင်တော့ပါဘူး ပင်ပန်းလှပါပြီ။

**"ဖြစ်ရာဘဝတိုင်းမှာ ပေါင်းကြ၊ သင်းကြ ၊ ရှာကြ ဖွေကြနဲ့ နောက်ဆုံး အကုန်ထားခဲ့ကြရတာပါပဲ။"**

ချမ်းသာလည်းမျိုးစုံ စုံခဲ့ကြပါပြီ။ ဆင်းရဲ လည်းမျိုးစုံခဲ့ပါပြီ။ ပင်ပန်းလှပါပြီ။

ဘဒ္ဒဝတီ ညီနောင်သုံးဆယ်ကို သံဝေဂ ကထာ ဟောပုံကျတော့ ပို၍နက်နဲလှပါတယ်။ အင်မတန်ရှည်ကြာတဲ့ သံသရာလမ်းကလည်းပဲ သင်္ချေပေါင်း အနန္တလို့ဆိုထားတော့ မရေနိုင်တဲ့ ကမ္ဘာတွေကအများကြီးပါဘဲ၊ ထိုထို ဘဝတွေ ဘဝတွေမှာ ခုလိုပဲ အစုန်အဆန်ကျင်လည်လို့ ဖွားလိုက် သေလိုက်၊ ဖွားလိုက် သေလိုက် လာခဲ့ကြတာ သက်တမ်းတွေတွက်ပြပြီး ဘုရားရှင်က အမိန့်ရှိခဲ့ပါတယ်။

"ချစ်သားတို့ နစ်သက်သလို ဖြေကြတဲ့...."

အင်မတန် ရှည်ကြာတဲ့ သံသရာကြီးမှာ ဘဝတွေ မရေနိုင်အောင် ဖြစ်ခဲ့တော့ ထိုထိုဘဝတွေထဲမှာ နွားဘဝတစ်ခုတည်း နလုံးသွင်းကြည့်ကြပါတဲ့။

နွားတောင်မှ အဖြူရောင်တစ်ခုတည်း စဉ်းစားကြည့်ပါဦး... တဲ့ နွားအဖြူဘဝနဲ့သူများက လည်လှီးလို့ သေခါနီးမှာကျတဲ့ သွေးတွေ ပေါင်းထားမယ်။ ထိုသွေးနဲ့ ဤကမ္ဘာမှာရှိတဲ့ သမုဒ္ဒရာရေနဲ့ ယှဉ်ကြည့်ရင် ဘယ်ဟာများမယ်ထင်သလဲ....? လို့ ဘုရားကအမိန့်ရှိတော့။

မှန်လှပါဘုရား၊ နွားအဖြူဘဝနဲ့ ကျခဲ့တဲ့သွေးက များပါလိမ့်မယ်ဘုရား.. လို့ဖြေကြရပါတယ်။

ကောင်းပြီ... နွားနီတစ်မျိုးတည်းပဲ ပြန်တွေးကြဦးတဲ့...။ ဘဝအဆက်ဆက်မှာ နွားဖြစ်ခဲ့တဲ့ ဘဝမှာ နွားနီတစ်မျိုးတည်းမှာပဲ သူများသတ်လို့ ကျတဲ့သွေးတွေ ပေါင်းထားမယ်ဆိုရင် ပင်လယ်ရေနဲ့ နှိုင်းယှဉ်ကြည့်ကြ။

နှစ်သက်သလို ဖြေကြပါတဲ့... ဘယ်ဟာများမယ်ထင်လဲ... ? လို့မေးတော်မူတယ်။

မှန်လှပါဘုရား... သွေးကများပါလိမ့်မယ်လို့ ဖြေကြရှာတယ်။

အဲဒီတော့မှ.... ဘုရားက တော်လောက်ပါပြီကွယ်၊ **"သံသရာဖြစ်ဖို့ သင့်ပါပြီ၊ ပင်ပန်းလှပါပြီ"**လို့ မိန့်တော်မူပါတယ်။ သေခါနီးမှာကျတဲ့ မျက်ရည်တွေလည်း မနည်းတော့ပါဘူး၊ ဒါ့ကြောင့် အားလုံး ကိုယ့်ကိုယ်ကို ဆုံးမကြပါ၊ အော်..... တော်လောက်ပါပြီ ၊ ပင်ပန်းလှပါပြီလို့ ဆင်ခြင်ကြပါ။

ဤကဲ့သို့ ဆင်းရဲ များကုန်ဖို့ကတော့ တဏှာအစပ်ပြတ်မှ အေးတော့မယ်လို့ ဆင်ခြင်ရမယ်။

**"ဆင်းရဲခြင်းဖြစ်စေတဲ့ အနီးကပ်ဆုံး အကြောင်းက ဇာတိပါပဲ"**

ဘယ်ဇာတိရရ အို ၊ နာ ၊ သေ ဆင်းရဲ နဲ့ပဲ အဆုံးသတ်ရမှာ။

"ဇာတိ" မရရန်ကလည်း ကမ္မဘဝကို သတ်မှဖြစ်မယ်၊ ကမ္မဘဝ မလာအောင်ကလည်း ဥပါဒါန်ကို သတ်မှဖြစ်မယ်။ ဥပါဒါန်ကို သတ်ချင်ရင်လည်း....

တဏှာကိုသတ်မှ ဥပါဒါန်မလာမှာ အကြောင်းကိုပဲ သတ်ရမယ်။ **အကြောင်းရင်းကတော့ တဏှာအစပ်ဖြတ်ဖို့ပါပဲ** တဏှာကလည်း ဘယ်လိုဖြတ်ရမလဲ ဆင်ခြင်တော့ ဘုရားရှင်မိန့်တော်မူခဲ့တဲ့အတိုင်း....

အာရုံ ဒွါရ မွေးတဲ့ခန္ဓာ၊ ဟိုးဘဝကပခဲ့တဲ့ ကံအရှိန်ကြောင့်ဖြစ်တဲ့ ဝိပါကအကျိုးဖြစ်တဲ့ခန္ဓာ၊ နံပါတ်(၂) အကွက်နော်၊ မမေ့ပါနဲ့၊ အာရုံ ဒွါရတိုက်တော့ ငါးဒွါရမှာဖြင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတွေတဲ့...

"သိ" ဆိုရင် "စိတ်၊ စေတသိတ်၊ ရုပ် "တွေ ပေါင်းစပ် လောင်ကျွမ်းလို့၊ ကာလမခြား၊ မနောတံခါးပွင့်အောင် လောင်ပါတယ်။ မနောတံခါးမှာကျတော့ မျက်နှာ၊ ကိုယ်အမူအယာ၊ ပါတ်ဝန်းကျင် အမူအယာတွေ ပေါ်လာတယ်။ "သိ" ဆိုရင် ခန္ဓာငါးပါး တစ်ပေါင်းတည်းဖြစ်၊ တစ်ပေါင်းတည်းချုပ်ပါပဲ၊ ပေါ်တဲ့အမူအယာကို "ကာလမခြား နောက်စိတ်အစုက လက်ခံဆုံးဖြတ်လေ့ရှိပါတယ်" လို့ အဘိဓမ္မာနည်းအားဖြင့် ဘုရားရှင်ဟောတော်မူခဲ့ပါတယ်။

စိတ်မှာယှဉ်ထားတဲ့ မောဟအမှောင်ဓာတ် လွှမ်းမိုးနေရင်တော့ အတုံးအခဲ အထည်လို့ ထင်မှတ်ပြီး ငါ့ခေါင်း၊ ငါ့ကိုယ်၊ ငါ့လက်၊ ငါ့ခြေ၊ အတုံးအခဲထင်ပြီး မာနပါ ပါလာတယ်၊ ဒီတော့မှ ငါ့အတွက် ဆိုပြီးတော့...

အတိတ်၊ အနာဂါတ်၊ ပစ္စုန်ပ္ပန် ကာလသုံးပါး ဆက်တော့တာပါပဲ၊ ပတ်ဝန်းကျင် ပေါ်လာပြီးတော့ကာ "ငါ" ပေါ်ရင် ပတ်ဝန်းကျင်ပေါ်လာတော့တာပါပဲ၊ ငါ့သား၊ ငါ့သမီး၊ ငါ့ဆွေမျိုး အဲ့ဒီအတွက် ဖြစ်ချင်တဲ့ပုံစံချပြီး၊ ဒီပုံစံဖြစ်ရမယ်လို့ စွဲလန်းတဲ့ဥပါဒါန် ၊ စီမံကိန်းချရင် ဥပါဒါန် ဖြစ်ပြီ။

ဥပါဒါန် ဆိုရင်ဖြင့်.... စိတ်မှီတဲ့ ဟဒယနှလုံးအိမ်မှာ ဇောအရှိန်အဟုန်ထွက်ပါပြီ၊ ဒီအရှိန်အဟုန်နဲ့ပဲ သဟဇာတ၊ နိဿယ၊ အညမညအားဖြင့် တစ်ကိုယ်လုံး ဓာတ်ရိပ် ဓာတ်ခိုးတွေ ပြောင်းတော့တာပါပဲ။

**"ဘဝပြောင်းတယ် ခေါ်ပါတယ်"**

အရှိန်ပြင်းသလောက်ပူ၊ ပူသလောက် အရှိန်ပြင်း၊ ပြင်းသလောက် ညံ့ဖျင်းပြီးတော့ကာ အရောင်မှိန် အနံ့ဆိုး ဖွဲစည်းပုံကြမ်းလျက် မသေခင်ကကို အပါယ်လေးဘုံသား ဘဝဇာတိ ယူနေပါပြီလို့ ဆင်ခြင်ကြပါ။

မေတ္တာနဲ့ယှဉ်၊ ဆက်လိုက်ပြန်တော့လည်း အအေးဓာတ်အရှိန်နဲ့ အထက်ကိုဆန်မယ်၊ အထက်ဆန်ပြီး သေရမဲ့ဇာတိယူပြန်တာပါပဲ၊ ဤအဖြစ်ကို သေသေချာချာ စဉ်းစားဆင်ခြင်လျက် "တဏှာအစပ်ပြတ်မှ အေးတော့မှာပါလား" လို့ နှလုံးသွင်းကြပါ။

ဤကဲ့သို့ ဖြစ်ခဲ့တဲ့ အကြိမ်ပေါင်းဟာလည်း မရေနိုင်တော့ပါဘူး၊ ပင်ပန်းလှပါပြီ၊ ဘုရားရှင်မိန့်တော်မူတဲ့ အလုပ်ပေးတရားအတိုင်း ဆင်ခြင်ရမယ်၊ ရှုမှတ်ရမယ် ၊ အိမ်သည်စိတ်ကိုယူပါ၊ ရှူဆဲ ထုတ်ဆဲ ငြိမ်ဆဲ အမူအရာမှာ ဆံပင်ကိုဖယ်ထား လက်သည်း ခြေသည်းကို ဖယ်ပါ၊ အရေပြားခြောက်တွေဖယ်ပါ၊ လေဖြတ်တဲ့ အင်္ဂါကြီးငယ် ဖယ်လျက်၊ ကျန်တဲ့နေရာအားလုံးမှာ ကာယပသာဒအကြည်ဓာတ်၊ အာရုံကြော အဖျားလေးတွေ အဆုံးသတ်ထားပါတယ်။ မပြတ်လောင်တော့ တေဇောဓာတ်၊ ဝါယောဓာတ်၊ ပထဝီဓာတ် ဓာတ်သုံးပါးကို သိခွင့်ရပါပြီ၊ ခန္ဓာမီးလောင်တော့ ဓာတ်သုံးပါးသိတယ်၊ ကာလမခြား မနောမှာ မျက်နှာအမူအရာ၊ ကိုယ်အမူအရာ၊ လက်ခြေအမူအရာ၊ ရှူဆဲအမူအရာ၊ ထုတ်ဆဲအမူအရာ၊ ငြိမ်ဆဲအမူအရာ၊ လှုပ်ရှားဆဲအမူအရာဟာ တစ်ဆက်တည်းဆိုသလို ကာလမခြား ပေါ်နေပါတယ်။ ဒါကို နောက်စိတ်အစုမှ ဘုရားပေးတဲ့ပညာနဲ့ ရှု မှတ်တဲ့အခါ...

**နေတံမမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာ** မျက်နှာကိုယ် အမူအရာတွေက ခင်ဗျားပိုင်တဲ့နဖူးပါ၊ ခင်ဗျားပိုင်တဲ့ မျက်ခုံး မျက်လုံးတွေပါ၊ ခင်ဗျားပိုင်တဲ့ မျက်နှာပါ၊ နှာခေါင်းပါ၊ ပါးစပ်ပါ၊ ခင်ဗျားပိုင်တဲ့ နားရွက်ပါ၊ ခင်ဗျားပိုင်တဲ့ ခေါင်းပါလို့ စကားပြောတဲ့အသံ မပါ, ပါဘူး။

ရှူဆဲ ထုတ်ဆဲ ငြိမ်ဆဲမှာ အသစ်အသစ် တံလျှပ်ကဲ့သို့ပေါ်တဲ့ အမူအရာသည် "ငါ" ဖြစ်နေပါတယ်၊ "ငါပါ" လို့ ဝန်ခံစကားပြောတဲ့ အသံပညတ် ပါမသွားပါဘူး။ နမေသောအတ္တာ၊ အသက်လိပ်ပြာ အသက်ရှိတဲ့ အတုံးအခဲမဟုတ်၊ မဟုတ်ရင်... ဟုတ်တာက တံလျှပ်လိုတဲ့ အသစ်အသစ်လောင်ရင်းကုန်နေတာပါ။ တရှိန်ရှိန်နဲ့ မီးတောက်ပမာလိုပါပဲ၊ အချိန်နဲ့ယှဉ်ကြည့်တော့ကာ တောက်လျှောက် **ဝယဓမ္မာ သင်္ခါရာ** စကားအတိုင်း ချုပ်ငြိမ်းနေပါတယ်။ အချိန်ကုန်ဘိသကဲ့သို့ ရှူဆဲ၊ ထုတ်ဆဲ၊ ငြိမ်ဆဲမှာ တောက်လျှောက် သိရင်းပျောက် လောင်ရင်းကုန် ဖွားသေ သေနေပါတယ်။

အနာဂါတ်လည်းမရှိ၊ အနာဂါတ်မှာလည်း ခန္ဓာကြိုမပေါ်၊ အတိတ်ခန္ဓာလည်း ဘယ်တော့မှ ပြန်မလာ၊ ပေါ်ဆဲမှာလည်းပဲ လောင်ရင်းကုန်၊ ထိရင်းပျောက် ဘယ်တော့မှ ပြန်မလာသော ပျောက်ခြင်းနဲ့ ပျောက်နေတာကြောင့် ချုပ်ငြိမ်းနေပါတယ်။ **တရိပ်ရိပ်နဲ့ပေါ်သမျှ တံလျှပ်ကဲ့သို့ ချုပ်ငြိမ်းခြင်း**ပဲ ရှိပါတယ်။

ဘုရားရှင်ရဲ့ကျေးဇူးကြောင့် ခန္ဓာအဆုံး၊ သံသရာအဆုံး၊ ဝဋ္ဋကထွက်မြောက်ခြင်း သိမြင်တဲ့ဉာဏ် ရပါတယ်လို့လည်း ဆင်ခြင်ပြီးတော့ ဘုရားကိုကြည်ညိုကြပါ။ ဤအတိုင်းပဲ မသိခဲ့ကြလို့ သံသရာရှည်ခဲ့တာလည်း များပေါ့၊ ပင်ပန်းလှပါပြီ၊ အခုတော့ လွတ်ပြီလို့လည်း ဆင်ခြင်ပြီးတော့ ပီတိဖြစ်ပါ။ အဖော်ကောင်းလည်း ရပြီလို့ ပီတိဖြစ်ကြပါ။

**"စိတ်ရဲ့ ကျက်စားရာ အဖော်ကောင်း"**

တိတ်ဆိတ်နေပါတယ်။ စကားပြောတဲ့အသံ မပါ,ပါ၊ သက်ဝင်လှုပ်ရှားတဲ့ အမူအရာမရှိပါ။ တရိပ်ရိပ်နဲ့ လောင်ရင်းကုန် ထိရင်းပျောက် ချုပ်ငြိမ်းခြင်းပဲ ရှိပါတယ်။ **ဆိတ်သုဉ်းတယ် ခေါ်ပါတယ် ကာလသုံးပါးလည်း မငြိတွယ်တာကြောင့် ဝိမုတ္တိဓာတ်လို့လည်းခေါ်ပါတယ်။**

တဏှာမရှိတာကြောင့် နိဝါန လို့လည်းခေါ်ကြပါတယ်။ ဗမာတွေက နိဗ္ဗာန်လို့လည်း သုံးကြပါတယ်။ ဒိဋ္ဌိမရှိတာကြောင့် မာနမရှိတာကြောင့် တဏှာမရှိပါ။ ကြမ်ဖန်များစွာ အသစ်အသစ်နော်... ။

ခန္ဓာပေါ်တိုင်း အရှုခံ၊ အရှုဉာဏ်တည့်ရင်ဖြင့် လွတ်မြောက်ပါပြီ၊ နောက်ဆုံး အပြီးသေလို့ ခေါ်ပါတယ်။ **ဘဝတစ်ခုလုံးရဲ့ ဖွားသေ အဖော်ကောင်း ဖြစ်ပါတယ်။**

**"ကာယ ဂတာ သတိ"** သည်သာ အကောင်းဆုံး အဖော်မွန်။

ပဋာစာရီကို ဘုရားရှင်ဆုံးမတုန်းက ချစ်သမီး**...** ကိုယ့်ရဲ့ဖခင်၊ မိခင်ကို အားကိုးထင်ကြ၊ အစ်ကို၊ အစ်မ ဆွေမျိုးတွေကိုလည်း အားကိုးထင်ကြ၊ ခင်ပွန်းသည်၊ ဇနီးသည်၊ သား၊ သမီးတွေကိုလည်း အားကိုးထင်ကြ၊ စီးပွားဥစ္စာကိုလည်း အားကိုးထင်ကြတယ်တဲ့။ ထိုအရာတွေဟာ အားကိုးအစစ်လည်းမဟုတ်ပါ ။ အဖော်ကောင်း လည်း မဟုတ်ပါ။ ဒါကြောင့်မို့လို့ ပညာရှိများသည် **"တဏှာမရှိရာ နိဗ္ဗာန်လမ်းကို သုတ်သင်ရှင်းလင်းလို့ သွားကြပါတယ်။"** ရှင်းရှင်းလင်းလင်း ရှင်းလင်းပြီးတော့ကာ လျှောက်ကြပါတယ်လို့ အမိန့်ရှိတော်မူပါတယ်။ အဖော်ကောင်းပါပဲ။

အာနန္ဒာမထေရ်ဟာ မြတ်စွာဘုရား မရှိတဲ့နောက်မှာ အင်မတန်သောက ရောက်ခဲ့ရပါတယ်။ အားကိုးမဲ့ကာ အဖော်မရှိတော့ ပင်ပန်းခဲ့ပါတယ်။ နောက်... တဏှာအစပ်ပြတ်တော့မှ ဘုရားမရှိတဲ့နောက်...

**"ကာယဂတာ သတိသည်သာ အကောင်းဆုံးအဖော်မွန်ပါပဲ "** လို့ ဥဒါန်းကျူးခဲ့ရှာပါတယ်။

မပြတ်မလပ် အရှုခံပေါ်တာကတော့ အိမ်သည်စိတ်ကိုယ်မှာ ပေါ်တာပါပဲ။ မနောအထိ ကာလမခြားပေါ်တာကို အမူရာတိုင်း၊ အမူရာတိုင်း၊ အချိန်တိုင်းမှာ ဉာဏ်ထည့်ပြီးတော့ကာ၊ အရှုခံ၊ အရှုဉာဏ် တည့်လျက်... အရှိကိုအရှိတိုင်း ရှုမြင်တဲ့ဉာဏ်ကို အဖော်လို ပွားများခြင်းမှတစ်ပါး ကောင်းသောအဖော်မွန်မရှိပါ။ အကောင်းဆုံးအဖော်ပါပဲ။ အမြတ်လည်း အမြတ်ဆုံးပါပဲ။

ကံဟောင်းလည်းကုန်၊ ကံသစ်လည်းမလာ၊ လွတ်မြောက်ရာဖြစ်ပါတယ်။ တန်ဖိုးလည်း အင်မတန် ကြီးလှပါတယ်။

ဘုရားရှင်ရဲ့ စိတ်ဓာတ်ပါပဲ၊ မြတ်စွာဘုရားရှင်ကို ကိုယ်တိုင် ပင့်ထားသလိုပါပဲ၊ ဘုရားဓာတ် ပင့်ထားတာပါပဲ၊ တိုက်ရိုက်ဘုရားဖူးနေရတာပါ။

ဝက္ကလိရဟန်းကို မိန့်တော်မူတာ ခန္ဓာကိုယ် အပုပ်ကောင်ကြီးကိုမြင်လို့ ဘုရားမြင်တယ် မယူနဲ့တဲ့၊ ဤ **"တရားမြင်မှ ဘုရားမြင်တယ်"** ခေါ်ပါတယ်လို့ မိန့်တော်မူခဲ့ပါတယ်။

ဒါကြောင့် အားလုံးသည် ရှုဆဲ၊ မှတ်ဆဲမှာ ဘုရားကိုယ်တော်တိုင် ဖူးနေရပါတယ်။ ဘုရားဓာတ် ကိန်းနေပါပြီလို့ ဝမ်းသာကြပါ။ ဘုရားကို ပင့်ထားပြီးသားဖစ်နေပါတယ်။ တိုက်ရိုက်ပူဇော်ပြီးသား ဖြစ်နေပါတယ်။ အကောင်းဆုံး အမြတ်ဆုံး နေခြင်းပါပဲလို့ ဝမ်းသာပီတိဖြစ်ပြီး တိုး၍ တိုး၍ ကျင့်ကြပါ။

ရှုမှတ်ဆဲမှာပင်လျှင် မဟာကုသိုလ် တွဲပါနေတာကြောင့် စွမ်းအားတွေလည်း ပြည့်ပြည့်လာပါတယ်။ အသွေးအသာ ချဉ်ဆီမှာ အင်မတန်ကောင်းတဲ့ သတ္တိတွေ တိုး၍ တိုး၍ လာနေပါတယ်။

ဖွဲ့စည်းပုံ နူးညံ့သည်ထက် နူးညံ့၊ အရောင်တောက်သည်ထက် တောက်လို့ တန်ခိုးကြီး သထက်ကြီးလာပါတယ်။ ဘဝပြောင်းနေပါတယ်။ နောက်ဆုံးဖွဲ့စည်းပုံ ပျောက်လောက်သည်အထိ ပြောင်းလဲလျက် ခန္ဓာဇာတ်သိမ်း အေးငြိမ်းပါလိမ့်မယ်။ အကောင်းဆုံးအဖော်ပါပဲ။

အော်.... အတွေးနယ်မှာပေါ်တဲ့၊ မနောတံခါးမှာပေါ်တဲ့... မျက်နှာအမူအရာ၊ ကိုယ်အမူအရာကို အတုံး၊ အခဲ၊ အထည်၊ ငါလို့ ထင်မိတာကြောင့် ငါ့အိုး၊ ငါ့အိမ်၊ ငါ့သား၊ ငါ့သမီး၊ ငါ့ဆွေမျိုး ဆိုတဲ့ တောင့်တ ကြောင့်ကြမျိုးစုံနဲ့ သံသရာမှာ ကပြောင်းကပြန် ခြားရဟတ်လို ပင်ပန်းခဲ့တာ ကြာခဲ့ပေါ့၊ အခုတော့လွတ်ပြီလို့ ဆင်ခြင်ကြပါ။ ပီတိဖြစ်ကြပါ။

ဝစီ ပညတ် စကားလုံး၊ လုံးဝမရှိပါ။ လှုပ်ရှားတဲ့အမူအရာ လုံးဝမရှိပါ။ အသစ် အသစ် တံလျှပ်ကဲ့သို့ တရိပ်ရိပ်နဲ့ ပေါ်ရင်းပျောက်.... လောင်ရင်းကုန်နေပါတယ်။

(ဤကဲ့သို့ ကြိမ်ဖန်များစွာ ပွားများကြကုန်လျက် စိတ်မှီရာ အသေးအသား ချဉ်ဆီတွေမှာ ရုပ်တွေမှာ အညမညအားဖြင့် ဉာဏ်ရင့်သန်ကာ နောက်ဆုံး တဏှာအစပ် အပြီးဖြတ်နိုင်သော ဉာဏ်အလင်းသိအောင် ပေါက်မြောက်၍ အရဟတ္တဖိုလ်ဖြင့် ခန္ဓာဇာတ်သိမ်း ငြိမ်းနိုင်ကြပါစေ။ )

**သာဓု သာဓု သာဓု။**